
## ၂။ အုန်းကျိုင်းနီ (ဟစ်စပိုင်းကျိုင်း)

**Coconut hispine beetle: *Brontispa longissima* (Gestro,1885)**

**Coleoptera: Chrysomelidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**






အရွယ်ရောက်အကောင်ကြီး၏ ခန္ဓာကိုယ်သည် ပြား၍ကျဉ်းပြီး နီညိုရောင် မှ အနက်ရောင်ရှိကာ (၈.၅ – ၉.၅) မီလီမီတာခန့်ရှည်ပြီး (၂–၂.၅) မီလီမီတာခန့် ကျယ်သည်။ ဦးမှင်မှာ (၂.၇၅ ) မီလီမီတာခန့်၍ ဦးခေါင်းအလယ်ပိုင်းသည် မျဉ်းပြိုင်သဖွယ်ဖြစ်နေပြီး အရှည်ထက်ပို ကျယ်သည်။

**ဖျက်ဆီးပုံလက္ခဏာများ**





အကောင်ကြီးများ နှင့် လောက်ကောင်များသည် ထွက်ခါစ မပြန့်သေးသော အရွက်လိပ်များအတွင်းဝင်၍ အရွက်မျက်နှာပြင်ကို ရွက်လယ်ကြောနှင့်အပြိုင် အစင်းလိုက် စားသောက်

ဖျက်ဆီးသည်။ အရွက်နုများ ပြန့်လာသည့်အခါ ကျဉ်းမြောင်းသေးသွယ်သော အစိမ်းရောင် တစ်သျှူး ပျက်ဆီးနေသည့်ဒဏ်ရာများ ကြီးမားလာပြီး ပုံသဏ္ဍာမမှန်၊ အညိုရောင် အကွက်များအဖြစ် ကျုံ့လိမ်ပြီး ကြမ်းနေသည်ကို တွေ့မြင်နိုင်သည်။ ပြင်းထန်စွာ ကျရောက်ပါက အပင်သေစေနိုင်သည်။

**ဘဝစက်ဝန်း**

| | | |
|---|---|---|
| ဥ | အဆင့် | – (၅ ) ရက် |
| လောက်ကောင် အဆင့် | | – (၃၀–၄၀) ရက် |
| ရုပ်ဖုံး အဆင့် | | – (၆) ရက် |
| အကောင်ကြီး အဆင့် | | – ( ၂၂၀ ) ပတ် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)စိုက်ခင်းအားဖျက်ပိုးကျရောက်မှု ရှိ/မရှိ ကို ပုံမှန် ကင်းထောက်ပါ။

(၂)ပိုးကျရောက်လျက်ရှိသော အပင်အလယ်ဗဟိုမှ လိပ်နေသည့်အရွက်များကို ဖယ်ရှား ဖျက်ဆီးပါ။

(၃)အရွက်နုလိပ်များကို စတင်ထွက်ရှိချိန်မှ စ၍ (၁၀) ရက်ခြားတစ်ခါ ထိသေ၊စားသေ(သို့)ပင်လုံးပြန့် ပိုးသတ်ဆေးတမျိုးမျိုးကို ဆေးအညွှန်းအတိုင်း အကောင်ရှိသည့် နေရာရောက်အောင် ပက်ဖျန်းပါ။ ပိုးသတ်ဆေးများကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျခူးဆွတ်ပါ။

- အဆီတာမီပရစ်(Acetamiprid)
- ဒိုင်မီသိုအိတ်(Dimethoate)
- ဒိုင်နိုတီဖြူရမ် (Dinotefuran)